UNIVERSITY of INFORMATION TECHNOLOGY

# သတင်းအချက်အလက်နည်းပညာတက္ကသိုလ်

## ဘွဲ့ကြိုလေ့လာသင်ယူမှုများ

## အတွက်

## သင်ကြားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

## (4 Years Program)

ဇွန်လ ၂၀၂၅

# မာတိကာ


၁။ အထွေထွေ သတ်မှတ်ချက်များ 1

၂။ အဓိပ္ပါယ်ဖွင့်ဆိုချက် 1

၃။ ပညာသင်နှစ် သင်တန်းကာလ 5

၄။ ကျောင်းသားမှတ်ပုံတင်ခြင်း 5

၄.၁ ကျောင်းသားသစ်မှတ်ပုံတင် 5

၄.၂ ကျောင်းသားဟောင်းမှတ်ပုံတင် 6

၅။ သင်ကြားမှုသင်ယူမှုစနစ်ခွဲမှုစနစ် (Learning Management System,LMS) 6

၆။ ဘာသာရပ်ရွေးချယ်ခြင်း သတ်မှတ်ချက်များ (Course Registration) 7

၆.၁ ဘာသာရပ်ရွေးချယ်ခြင်း (Core/ Elective) 7

၆.၂ အထူးပြုဘာသာ ခွဲခြင်း 7

၆.၃ ဘာသာရပ်စာရင်းသွင်းရန်အချိန် 7

၇။ ခရက်ဒစ်စနစ် (Credit System) 8

၇.၁ Credit unit သတ်မှတ်ခြင်း 8

၇.၂ သင်ကြားသင်ယူချိန်အတွက် သတ်မှတ်ချက်များ 8

၇.၃ Academic Load သတ်မှတ်ချက်များ 9

၈။ Grade Point သတ်မှတ်ခြင်း 9

၉။ စာမေးပွဲဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များ 9

၁၀။ အကဲဖြတ်စနစ် 10

၁၀.၁ အကဲဖြတ်သည့်နည်းလမ်း 10

၁၀.၂ ရမှတ်အဆင့် ခွဲခြားသတ်မှတ်ခြင်း 10

၁၀.၃ အကဲဖြတ်ခြင်းရလဒ်များ ကြေညာခြင်း 12

၁၀.၄ သင်တန်းအကဲဖြတ်မှုရလဒ်များ ပြန်လည်စစ်ဆေးခြင်းအတွက် အယူခံဝင်ခြင်း 14

၁၀.၅ စာသင်နှစ်ဝက် အကဲဖြတ်ခြင်းရလဒ်များကို ကြေညာခြင်း (Grading Report) 14

၁၁။ ကျောင်းသား Academic အဆင့်အတန်း (Student Academic Status) 15

၁၁.၁ စာသင်နှစ်ဝက်အကဲဖြတ်မှုရလဒ်များ သတ်မှတ်ခြင်း 15

၁၁.၂ Re-exam ဖြေဆိုရန်သတ်မှတ်ချက်များ 16

၁၁.၃ မအောင်မြင်သော ဘာသာရပ်ကို ပြန်လည်တက်ရောက်သင်ယူခြင်း (Re-take) **17**

၁၂။ ပညာရေးဆိုင်ရာ ကျင့်ဝတ်များ **17**

၁၃။ လေ့လာမှု ရပ်တန့်ခြင်းဆိုင်ရာ အခြေအနေများ **17**

၁၃.၁ လေ့လာမှုရွှေ့ဆိုင်းခြင်း (Deferment of Study) **17**

၁၃.၂ လေ့လာမှုရပ်ဆိုင်းခြင်း (Suspension of Study) **18**

၁၃.၃ လေ့လာမှုမှ ထုတ်ပယ်ခြင်း (Dismiss) **19**

၁၃.၄ လေ့လာမှုမှ နှုတ်ထွက်ခြင်း (Resign) **19**

၁၄။ တက္ကသိုလ် ပြောင်းရွှေ့ခြင်း (Change of University) **19**

၁၅။ ဘွဲ့ဒီဂရီပေးအပ်ခြင်း **20**

၁၅.၁ ဘွဲ့ပေးရန်အရည်အချင်းသတ်မှတ်ချက်များ **20**

၁၅.၂ ဘွဲ့ဒီဂရီအဆင့်သတ်မှတ်ခြင်း **21**

၁၆။ အကိုးအကားများ **21**

# သတင်းအချက်အလက်နည်းပညာတက္ကသိုလ်

## ဘွဲ့ကြိုလေ့လာသင်ယူမှုများ အတွက်  သင်ကြားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

### ၁။ အထွေထွေ သတ်မှတ်ချက်များ

၁.၁ ဘွဲ့ကြို ကျောင်းသားများသည် ဘွဲ့ကြိုအစီအစဥ် ပညာရေးစည်းမျဥ်းတွင် ပါရှိသော စည်းမျဥ်းများကို အပြည့်အဝ သိရှိနားလည်ထားသင့်ပါသည်။ ဤလမ်းညွှန်တွင် ဖော်ပြထားသည့် မူဝါဒအားလုံးကို လိုက်နာရန်မှာ ကျောင်းသား ကျောင်းသူများ အားလုံး၏ တာဝန် ဖြစ်သည်။

၁.၂ တက္ကသိုလ်၏ အမြင့်ဆုံးပညာရေး အဖွဲ့အစည်းဖြစ်သည့် (Senate) ၏ လုပ်ပိုင်ခွင့်များ နှင့် အညီ အခြေအနေအရ လိုအပ်ပါက ပညာရေးအဖွဲ့ (Senate) ကအဆိုပါ စည်းမျဥ်းများကို အခါ အားလျော်စွာ ပြင်ဆင်ပြောင်းလဲခွင့်ရှိသည်။

၁.၃ ဤစည်းမျဥ်း ကို နိုင်ငံတကာမှ ကျောင်းသားများ ၊ ကျောင်းသားချင်းဖလှယ်ရေး အစီအစဥ် အရ နိုင်ငံတကာမှလာရောက် ကျောင်းတက်နေသည့် ကျောင်းသားများ အပါအဝင် မှတ်ပုံတင်ထားသည့် ဘွဲ့ကြိုကျောင်းသား ကျောင်းသူ အားလုံး လိုက်နာစေရမည်။

၁.၄ ဤစည်းမျဥ်းတွင် အတိအကျ ဖော်ပြထားခြင်းမရှိပါက ဤလမ်းညွှန်ချက်ကို အကောင် အထည်ဖော်ရာတွင် စီရင်ပိုင်ခွင့်သည် တက္ကသိုလ်ပညာရေး အဖွဲ့ (Senate) တွင်ရှိသည်။ မဟာဌာနမှူး (Dean) / ဌာနမှူး (HoD) နှင့် မော်ကွန်းထိန်း (Registrar) တို့၏ လုပ်ပိုင်ခွင့်ကို ဤစည်းမျဥ်း၏ အချို့သောအပိုဒ်များတွင် အတိအလင်း ဖော်ပြထားသည်။

၁.၅ ဤတက္ကသိုလ်ပညာရေး စည်းမျဥ်း၏ မည်သည့်အစိတ်အပိုင်းကို မဆို ခြွင်းချက်ပြုလိုပါက Senate သည် ဝန်ကြီးဌာန၏ မူဝါဒ လမ်းညွှန်ချက်များနှင့်အညီ ခြွင်းချက်ပြုနိုင်သည်။

### ၂။ အဓိပ္ပါယ်ဖွင့်ဆိုချက်

**တက္ကသိုလ်** ဟူသည် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ဖြစ်သည်။

**တက္ကသိုလ်ပညာရေးအဖွဲ့ (Senate)** ဟူသည် သင်ကြားခြင်း၊ သုတေသနပြုခြင်း၊ စာမေးပွဲစစ်ခြင်း၊ ဘွဲ့ဒီဂရီ၊ ဒီပလိုမာများ၊ အောင်လက်မှတ်များနှင့် အခြားပညာရပ်ဆိုင်ရာ အသိအမှတ်ပြုလွှာများ ပေးအပ်ခြင်းကို ပြုလုပ်ပိုင်ခွင့်ရှိသည့် တက္ကသိုလ်၏ အမြင့်ဆုံး ပညာရေး အဖွဲ့ကိုဆိုသည်။

**တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့** ဟူသည် တက္ကသိုလ်၏ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို

ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သည့် အဖွဲ့ကိုဆိုသည်။

**စာမေးပွဲကျင်းပရေးဖြစ်မြောက်ရေးကော်မတီ** ဟူသည် စာမေးပွဲကျင်းပရေးနှင့် စာမေးပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သည့် ကော်မတီကိုဆိုသည်။

**မဟာဌာနမှူး** ဟူသည် ဌာနတစ်ခု၏ ဦးဆောင်သူဖြစ်ပြီး ပညာရေး၊ သုတေသနနှင့် အုပ်ချုပ်ရေးလုပ်ငန်းများကို ကြီးကြပ်ရသူဖြစ်သည်။

**ဌာနမှူး** ဟူသည် သင်ကြားရေးမဟာဌာန လက်အောက်ရှိ ဌာနတစ်ခုကို ဦးဆောင်သည့် ပညာရေးအရာရှိဖြစ်သည်။

**သင်တန်းမှူး** ဟူသည် လေ့လာသင်ယူမှု အစီအစဉ် တစ်ခုကို ညှိနှိုင်း ဆောင်ရွက်ပေးရန် ပါမောက္ခချုပ်က ခန့်အပ်ထားသော ပညာရေး အရာရှိ ဖြစ်သည်။

**အတန်းပိုင်** ဟူသည် အတန်းတစ်ခု၏ စီမံခန့်ခွဲမှု၊ ပညာရေးနှင့် စည်းကမ်းကိစ္စများကို တာဝန်ယူဆောင်ရွက်သော ဆရာ သို့မဟုတ် ဆရာမကို ရည်ညွှန်းသည်။

**ပညာသင်နှစ်ကာလ (Academic Year)** သည် တက္ကသိုလ်ပညာသင်နှစ် တစ်နှစ်နဲ့ ညီပြီး စာသင်နှစ်ဝက် (Semester) နှစ်ခုပါဝင်သော အချိန်ကာလ ဖြစ်သည်။

**စာသင်နှစ်ဝက် (Semester)** ဟူသည် သင်တန်းတစ်ခုတွင် သင်ကြားသင်ယူမှုများ ပြုလုပ်ရန် ပထမနှစ်ဝက် နှင့် ဒုတိယနှစ်ဝက် အချိန်ခွဲခြားသတ်မှတ်ထားသော ကာလဖြစ်သည်။

**ပရိုဂရမ်** ဟူသည် မဟာဌာန မှ ဖွင့်လှစ်သင်ကြားအပ်သော ဘွဲ့ဒီဂရီအတွက် သင်ယူရသည့် အထူးပြုပညာရပ် တစ်ခု ဖြစ်သည်။

**Learning Management System (LMS)** ဟူသည် ပညာရေးဆိုင်ရာ အကြောင်းအရာများကို အွန်လိုင်းမှတစ်ဆင့် ပို့ချ၊ စီမံခန့်ခွဲနိုင်ပြီး သင်ယူမှု လုပ်ငန်းစဉ်များကို ထိရောက်စွာ လုပ်ဆောင်ပေးသည့် နည်းပညာစနစ်တစ်ခုဖြစ်သည်။

**ပို့ချမှု** ဟူသည် သင်တန်းတစ်ခု၏ သင်ယူမှုအခြေခံသဘောတရားများ၊ သင်ကြားမှု နည်းလမ်းများနှင့် သက်ဆိုင်ရာသီအိုရီ အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား ထိရောက်စွာ ပေးပို့ခြင်း ဖြစ်သည်။

**ဆွေးနွေးသင်ကြားမှု** ဟူသည် ကျောင်းသားနှင့် ဆရာ၊ဆရာမအကြား သို့မဟုတ် ကျောင်းသားများအကြား ဗဟုသုတနှင့် အတွေ့အကြုံများကို ပြန်လည်ဝေမျှခြင်း ဖြစ်သည်။

**ကျောင်းသားမှတ်ပုံတင်ခြင်း** ဟူသည် ကျောင်းသား ကျောင်းသူများအနေဖြင့် သင်တန်း တက်ခွင့်ရရန် လိုအပ်သော စာရွက်စာတမ်းများနှင့် သက်ဆိုင်ရာ အချက်အလက်များကို ကျောင်းသားရေးရာဌာနတွင် စာရင်းသွင်းခြင်း၊ ကျောင်းလခ ပေးသွင်းခြင်း တို့ဖြစ်သည်။

**ကျောင်းသား** ဟူသည် တက္ကသိုလ်ဝင်တန်း၊ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများအတွက် မှတ်ပုံတင်ထားပြီး လေ့လာသင်ယူမှုပြုခြင်း၊ သင်ကြားမှုခံယူခြင်း၊ သင်တန်းတက်ခြင်း

သို့မဟုတ် သုတေသန ပြုလုပ်ခြင်းတို့ကို ပြုလုပ်နေသော ကျောင်းသား ကျောင်းသူဖြစ်သည်။

**ကျောင်းလခ** ဟူသည် သင်တန်းတစ်ခုတွင် တက်ရောက်ဆည်းပူးရန် အတွက် သတ်မှတ်ထားသော အခကြေးငွေဖြစ်သည်။

**တရားဝင်ကျောင်းသားများ (Active Students)** ဟူသည် တက္ကသိုလ်အခကြေးငွေကို ပေးဆောင်ပြီးသော စာသင်နှစ်ဝက်မှတ်ပုံတင်ခြင်းနှင့် သင်တန်းမှတ်ပုံတင်ခြင်းတို့ကို ဆောင်ရွက်ပြီးသော ကျောင်းသား ကျောင်းသူများ ဖြစ်သည်။

**ကျောင်းသားသစ်များ** ဟူသည် တက္ကသိုလ်တွင် စာသင်နှစ်ဝက်တစ်ခု သင်ယူ ပြီးမြောက်ခြင်း မရှိသေးသည့် ကျောင်းသား ကျောင်းသူများဖြစ်သည်။

**လက်ရှိကျောင်းသား** ဟူသည် စာသင်နှစ်ဝက်တစ်ကြိမ် တက်ရောက်ပြီးစီးသည့် ကျောင်းသား ကျောင်းသူဖြစ်သည်။

**လုပ်ငန်းခွင်ဝင်အကြိုသင်တန်း (Internship)** ဟူသည် ကျောင်းသား ကျောင်းသူများ၏ အထူးပြု ဘာသာရပ်နှင့် ဆက်စပ်သည့် လုပ်ငန်းခွင်အတွေ့အကြုံများရရှိစေရန် သက်ဆိုင်ရာ လုပ်ငန်းများတွင် အချိန်အတိုင်းအတာတစ်ခုအတွင်း လက်တွေ့လုပ်ငန်းခွင် သင်ကြားမှုများ ရယူရသော သင်တန်း ဖြစ်သည်။

**ပင်မဘာသာရပ် (Core Subject)** ဟူသည် ပရိုဂရမ်တစ်ခုတွင် ကျောင်းသား ကျောင်းသူများ မယူမနေရ ဘာသာရပ်တစ်ခုဖြစ်သည်။

**ရွေးချယ်နိုင်သော ဘာသာရပ် (Elective Subject)** ဟူသည် ကျောင်းသား ကျောင်းသူ၏ စိတ်ဝင်စားမှု၊ ရည်မှန်းချက်နှင့် အထူးပြုမှုများအပေါ် အခြေခံ၍ စိတ်ကြိုက်ရွေးချယ်နိုင်သော ဘာသာရပ်များဖြစ်သည်။

**လိုအပ်သော ဘာသာရပ် (Prerequisite Subject)** ဟူသည် သတ်မှတ်ထားသော ဘာသာရပ်တစ်ခုကို တက်ရောက်ခွင့်ရရန် ရှေးဦးစွာ ပြီးမြောက်အောင်မြင်ထားရမည့် ဘာသာရပ်ဖြစ်သည်။

**ပြန်လည်သင်ယူရမည့် ဘာသာရပ် (Retake Subject)** ဟူသည် ကျရှုံးခဲ့သော သို့မဟုတ် အမှတ်မရခဲ့သော ဘာသာရပ်ကို နောက်တစ်ကြိမ် ပြန်လည် သင်ယူရခြင်း ဖြစ်သည်။

**သင်တန်းမှတ်ပုံတင်ခြင်း** ဟူသည် သတ်မှတ်ထားသော အချိန်အတိုင်းအတာ တစ်ခုအတွင်း တတ်ရောက်လိုသော သင်တန်းအတွက် ကျောင်းသား ကျောင်းသူက စာရင်းသွင်းခြင်း ဖြစ်သည်။

**သင်တန်းအလုပ်တာဝန်** ဟူသည် ပရောဂျက်များ၊ လက်တွေ့အစီအရင်ခံစာများ၊ လက်တွေ့ဆင်းခြင်းများ၊ တာဝန်ပေးရေးသားစေခြင်းများ၊ ဉာဏ်စမ်းများ နှင့် နှုတ်ဖြေ စစ်ဆေးမှုများ စသည်တို့ပါဝင်သော သင်ယူမှုဖြစ်သည်။

**ဘာသာရပ်တစ်ခုအတွက် ခရက်ဒစ်ပေးခြင်း** ဟူသည် တစ်စုံတစ်ခုသော သင်ယူမှု ရလဒ်များ ရရှိရန် သင်ယူမှုပမာဏကို တိုင်းတာသည့် ယူနစ်ဖြစ်သည်။

**သင်ယူချိန်နာရီ** ဆိုသည်မှာ သင်တန်းသားတစ်ဦးသည် သတ်မှတ်ထားသော ဘာသာရပ် တစ်ခုအတွက် ခရက်ဒစ်ပြည့်မီရန် လေ့လာသင်ယူရသည့် အချိန် ပမာဏ ဖြစ်သည်။

**ပျမ်းမျှရမှတ်အဆင့် (GPA)** ဟူသည် စာသင်နှစ်ဝက်တစ်ခုအတွင်း ကျောင်းသား ကျောင်းသူ၏ ပညာရေး စွမ်းဆောင်မှုကို တိုင်းတာသည့်ယူနစ်တစ်ခုဖြစ်သည်။

**စုစုပေါင်းပျမ်းမျှ ရမှတ်အဆင့် (CGPA)** ဟူသည် ပြီးစီးသွားသော စာသင်နှစ်ဝက်များ အားလုံး အတွက် ကျောင်းသား တစ်ဦး၏ ပညာရေးစွမ်းဆောင်မှု အတိုင်းအတာ တစ်ခု ဖြစ်သည်။

**အကဲဖြတ်ခြင်း** ဟူသည် ကျောင်းသား ကျောင်းသူများ၏ စွမ်းဆောင်မှုကို သတ်မှတ် ထားသော စံချိန်စံညွှန်းနှင့်အညီ အကဲဖြတ်၊ ဆုံးဖြတ်သော ဖြစ်စဉ်ဖြစ်သည်။ ထိုစံချိန်စံညွှန်းများနှင့် သင်ယူမှုရလဒ်၊ စွမ်းဆောင်ရည် စံနှုန်းများသည် အကဲဖြတ်မှု ဖြစ်စဉ်မှ ရရှိသော သက်သေ အထောက်အထားအပေါ်တွင် အခြေပြု ဖော်ပြထားခြင်း ဖြစ်သည်။

**စဉ်ဆက်မပြတ်အကဲဖြတ်ခြင်း** ဟူသည် သင်တန်းတစ်လျှောက်လုံးတွင် စဉ်ဆက်မပြတ် အကဲဖြတ်ခြင်း ဖြစ်စဉ်တစ်ခုဖြစ်သည်။ ၎င်းသည် ပရိုဂရမ် သင်ယူမှုရလဒ်များကို ပံ့ပိုးပေးသည့် အစီအစဉ်အရ ရရှိသည့် စွမ်းဆောင်အောင်မြင်မှု အဆင့်ကို အကဲဖြတ်သည့် ဖြစ်စဉ်လည်းပါဝင်သည်။

**နောက်ဆုံးအကဲဖြတ်မှု** တွင် စာသင်နှစ်ဝက်အဆုံး စစ်ဆေးမှု၊ နောက်ဆုံးတင်ပြမှုနှင့် နောက်ဆုံးပရောဂျက်တို့ ပါဝင်သည်။

**သင်တန်းအောင်မှတ်** ဟူသည် သင်တန်းတစ်ခုအောင်မြင်ရန်အတွက် တက္ကသိုလ်က သတ်မှတ်ထားသော အနိမ့်ဆုံးရမှတ်ဖြစ်သည်။

**သင်တန်းကျရှုံးခြင်း** ဟူသည် တက္ကသိုလ်က သတ်မှတ်ထားသော အနည်းဆုံးအမှတ် မရရှိခြင်း ဖြစ်သည်။

**ပြန်လည်စစ်ဆေးအကဲဖြတ်ခြင်း** ဟူသည် စာသင်နှစ်ဝက်တွင် ကျောင်းသား ကျောင်းသူ ကို ကျရှုံးသောဘာသာရပ် ပြန်လည်စစ်ဆေးခြင်းဖြစ်သည်။

**သင်ယူမှုဆိုင်းငံ့ခြင်း** ဟူသည် ပညာရေးအဖွဲ့က ကျောင်းသား ကျောင်းသူ တစ်ယောက်၏ သင်ယူမှုကို ရပ်ဆိုင်းထားခြင်းကို ဆိုလိုသည်။

**ပညာရေးဆိုင်ရာ အပြစ်ပေးမှု (Academic Punishment)** ဟူသည် ပညာရေး စည်းကမ်းဖောက်ဖျက်မှုများ အတွက် စည်းကမ်းထိမ်းသိမ်းရေးကော်မတီက ကျောင်းသား ကျောင်းသူများအပေါ် ချမှတ်ထားသော အရေးယူမှု ဖြစ်သည်။

**ကျောင်းသားအယူခံကော်မတီ** ဟူသည် ကျောင်းသား ကျောင်းသူများ၏ အခွင့်အရေးကို ကာကွယ်ပေးပြီး ၎င်းတို့၏ တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးပေးသော အဖွဲ့ကိုဆိုသည်။

## ၃။ ပညာသင်နှစ် သင်တန်းကာလ

၃.၁ တက္ကသိုလ်ပညာသင်နှစ်အား တစ်ခုကို (၁၅) ပတ်ကြာမြင့်သည့် စာသင်နှစ်ဝက် နှစ်ခုဖြင့် ပိုင်းခြားထားသည်။

၃.၂ တက္ကသိုလ်သင်တန်းကာလများမှာ အောက်ပါအတိုင်းဖြစ်သည်။

| သင်တန်း အစီအစဉ် | လေ့လာသင်ယူရမည့်ကာလ | |
|---|---|---|
| | အနည်းဆုံး | အများဆုံး |
| လေးနှစ် (Bachelor ဘွဲ့) | လုပ်ငန်းခွင်ဝင်အကြိုသင်တန်း (Internship) အပါအဝင် စာသင်နှစ်ဝက် (၈) ခု | လုပ်ငန်းခွင်ဝင်အကြိုသင်တန်း (Internship) အပါအဝင် စာသင်နှစ်ဝက် (၁၄) ခု |

၃.၃ အများဆုံး သတ်မှတ်ထားသည့် သင်တန်းကာလထက်ကျော်လွန်၍ သင်ကြားရန် သို့မဟုတ် အနည်းဆုံးသတ်မှတ်ထားသော သင်တန်းကာလထက် လျော့နည်းသင်ကြားရန် လျှောက်ထားလာပါက တက္ကသိုလ်ပညာရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် လက်ခံ/မခံ ဆုံးဖြတ်ရမည်။

၃.၄ သတ်မှတ်ခရက်ဒစ် မရရှိသောကျောင်းသားများ နှင့် ရပ်ဆိုင်းခံကျောင်းသားများ ကျောင်းဆက်လက်တက်ရောက်စေရန် တက္ကသိုလ်ပညာရေးအဖွဲ့က သဘောတူပါက သင်တန်းကာလတွင် ကျောင်းသား စတင်တက်ရောက်သည့်နှစ်ကို ထည့်သွင်းစဉ်းစားရမည်။

## ၄။ ကျောင်းသားမှတ်ပုံတင်ခြင်း

### ၄.၁ ကျောင်းသားသစ်မှတ်ပုံတင်

၄.၁.၁ ကျောင်းသားသစ်များသည် သတ်မှတ်ထားသည့် ကျောင်းအပ်လက်ခံရန် နောက်ဆုံးရက် မတိုင်မီအတွင်း တက္ကသိုလ်က စီစဉ်ထားသော ပရိုဂရမ်များအတွက် စာရင်းသွင်းရမည်။ တက္ကသိုလ်က သတ်မှတ်ထားသော ရက်ကာလအတွင်း မှတ်ပုံတင်မှု မပြုလုပ်ပါက ကျောင်းသားအဖြစ် သတ်မှတ်ခံရမည်မဟုတ်ပါ။

၄.၁.၂ မှတ်ပုံတင်ပြီးသော ကျောင်းသားတစ်ဦးစီအတွက် တက္ကသိုလ်၏ အီးမေးလ်အကောင့် (Email Account) တစ်ခုစီ မှတ်ပုံတင် (Register)

ပြုလုပ်ပေးပါမည်။ ကျောင်းသားများသိရှိရမည့် သတင်းအချက်အလက်များကို တက္ကသိုလ်၏ တရားဝင် အီးမေးလ်အကောင့် မှတစ်ဆင့် တက္ကသိုလ်က ဖြန့်ဝေပါသည်။ ကျောင်းသားများသည် အီးမေးလ် ပုံမှန် စစ်ဆေးရန် လိုအပ်ပါသည်။

## ၄.၂ ကျောင်းသားဟောင်းမှတ်ပုံတင်

၄.၂.၁ လက်ရှိကျောင်းသားသည် စာသင်နှစ်ဝက် တစ်ခုစီ အတွက် သတ်မှတ်ထားသည့် ကျောင်းအပ်လက်ခံရန် နောက်ဆုံးရက် မတိုင်မီ အတွင်း မှတ်ပုံတင်ရမည်။ သင့်လျော်သော အကြောင်းပြချက်မရှိဘဲ မှတ်ပုံတင်မှု မပြုလုပ်ပါက ကျောင်းသားအဖြစ်မှ ဆိုင်းငံ့ခြင်းခံရမည်။

၄.၂.၂ ရွှေ့ဆိုင်း၊ ဆိုင်းငံ့ခံရသော ကျောင်းသားများသည် ရွှေ့ဆိုင်း၊ ဆိုင်းငံ့ခံရသည့် ကာလ ကျော်လွန် သွားပါက နောက်နှစ် စာသင်နှစ်ဝက်အတွက် မှတ်ပုံတင်နိုင်ရန် တက္ကသိုလ်ပညာရေးအဖွဲ့၏ သဘောတူညီချက် ခံယူရမည်။

၄.၂.၃ ကျောင်းလခပေးသွင်းခြင်း သည် မဖြစ်မနေ ပြုလုပ်ရမည့် ကိစ္စဖြစ်ပြီး ကျောင်းသားများ သည် စာသင်နှစ်ဝက်တိုင်းတွင် ပေးသွင်းရန် အပြည့်အဝ တာဝန်ရှိသည်။

၄.၂.၄ လက်ရှိပေးဆောင်ရမည့် ကျောင်းလခများ နှင့် ပြီးခဲ့သည့် စာသင်နှစ်ဝက် အတွက် ပေးရန်ကျန်ရှိသော ကြွေးကျန်အားလုံးကို ပေးဆပ်ပြီးပါက ကျောင်းသား မှတ်ပုံတင်ပြီးမြောက်သည်ဟု ယူဆသည်။

## ၅။ သင်ကြားမှုသင်ယူမှုစီမံခန့်ခွဲမှုစနစ် (Learning Management System,LMS)

- တက္ကသိုလ်တွင် သင်တန်းအကြောင်းအရာများကို သင်ကြားပို့ချရန် အတွက် သင်ကြားမှုသင်ယူမှုခန့်ခွဲမှုစနစ် (Learning Management System,LMS) ကိုအသုံးပြုပါသည်။ LMS တွင် ဘာသာရပ် တစ်ခုချင်းစီ၏ သင်ခန်းစာများ၊ ပြဋ္ဌာန်းစာအုပ်များ၊ ကိုးကားရန် လိုအပ်သော စာအုပ်များ၊ သတင်းအရင်းအမြစ်များ နှင့် Tutorials/ Assignments/ Quizzes များ မျှဝေပေးထားမည်ဖြစ်ပါသောကြောင့် ကျောင်းသားသည် မှတ်ပုံတင်ထားသော Student ID နှင့် password သုံးပြီး LMS ဝင်ရောက်အသုံးပြုရပါမည်။ ကျောင်းသား၏ နေ့စဉ် ကျောင်းတက်ရောက်မှု (Roll call) ကို LMS သုံးပြီး မှတ်တမ်းတင်ပါသည်။ ထို့ကြောင့် ကျောင်းသားတစ်ဦးသည် မိမိ၏ ကျောင်းတက်ရာခိုင်နှုန်းကို အချိန်နှင့် တစ်ပြေးညီ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

## ၆။ ဘာသာရပ်ရွေးချယ်ခြင်း သတ်မှတ်ချက်များ (Course Registration)

### ၆.၁ ဘာသာရပ်ရွေးချယ်ခြင်း (Core/ Elective)

၆.၁.၁ Core ဘာသာရပ်များသည် ကျောင်းသားများ၏ နည်းပညာဆိုင်ရာ အခြေခံဗဟုသုတများကို သိရှိနားလည်စေရန် လေ့လာသင်ယူရန် လိုအပ်သော ဘာသာရပ်များဖြစ်ပြီး ကျောင်းသားတိုင်း မဖြစ်မနေ လေ့လာရမည့် ဘာသာရပ်များဖြစ်သည်။

၆.၁.၂ Elective ဘာသာရပ်များသည် ကျောင်းသား၏ စိတ်ဝင်စားမှု၊ ရည်မှန်းချက်နှင့် အထူးပြုမှုများအပေါ် အခြေခံ၍ စိတ်ကြိုက်ရွေးချယ်နိုင်သော ဘာသာရပ်များဖြစ်ပြီး ဒုတိယနှစ် (Semester IV) မှ စတင်၍ ရွေးချယ်သင်ယူနိုင်ပါသည်။

### ၆.၂ အထူးပြုဘာသာ ခွဲခြင်း

- အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များကို တတိယနှစ် (Semester V) မှစတင်၍ ရွေးချယ်သင်ယူနိုင်ပါသည်-
  - Business Information Systems (စီးပွားရေးသတင်းအချက်အလက်စနစ်)
  - Software Engineering (ပရိုဂရမ်အင်ဂျင်နီယာ)
  - High Performance Computing (စွမ်းရည်မြင့်တွက်ချက်မှုပညာ)
  - Knowledge Engineering (အသိပညာအင်ဂျင်နီယာ)
  - Computer Communication and Networks (ဆက်သွယ်ရေးနှင့်ကွန်ရက်ပညာ)
  - Embedded Systems (မြှပ်နှံထိန်းချုပ်စနစ်)
  - Cyber Security (ဆိုက်ဘာလုံခြုံရေးပညာ)

### ၆.၃ ဘာသာရပ်စာရင်းသွင်းရန်အချိန်

၆.၃.၁ တက္ကသိုလ်ကျောင်းသားများအနေဖြင့် Core ဘာသာရပ်များကို မဖြစ်မနေ သင်ယူရမည် ဖြစ်ပါသည်။

၆.၃.၂ Elective အနေဖြင့် သင်ယူမည့် ဘာသာရပ်များကို စာသင်နှစ်ဝက် စတင်သည့် အချိန်တွင် ကျောင်းသားရေးရာဌာနတွင် စာရင်းသွင်းပြီးမှ တက်ရောက်ခွင့်ရရှိမည် ဖြစ်ပါသည်။

၆.၃.၃ Prerequisites ဘာသာရပ်များ ဖြေဆိုအောင်မြင်ပြီးမှသာ ဆက်နွယ်နေသော ဘာသာရပ်ကို စာရင်းသွင်းပြုလုပ်ခွင့်ရှိသည်။

၆.၃.၄ Re-take ပြန်ယူရမည့် ဘာသာရပ်များကို ဦးစားပေး စာရင်းသွင်းခြင်း ပြုလုပ်ပြီးနောက် ကပ်လျက်ရှိသော သင်တန်းနှစ်၏ ဘာသာရပ်များကို

စာရင်းသွင်း ပြုလုပ်ခွင့်ရှိသည်။

၆.၃.၅ ဘာသာရပ်တစ်ခုကို ပုံမှန်စာရင်းသွင်းခြင်း နှင့် Re-take အဖြစ် စာရင်းသွင်းခြင်း စုစုပေါင်း (၂) ကြိမ်သာ စာရင်းသွင်းခွင့်ရှိသည်။

## ၇။ ခရက်ဒစ်စနစ် (Credit System)

### ၇.၁ Credit unit သတ်မှတ်ခြင်း

၇.၁.၁ ဘာသာရပ်သင်တန်းတစ်ခုစီတွင် ပညာရေးအဖွဲ့မှ သတ်မှတ်ထားသော စံသတ်မှတ်ချက်အရ ခရက်ဒစ်တန်ဖိုးရှိသည်။

၇.၁.၂ တက္ကသိုလ်၌ ဘာသာရပ်တစ်ခုစီအား သင်ကြားသင်ယူချိန် နှင့် ကျောင်းသားများ၏ workload အရ Credit Unit ကို သတ်မှတ်ပါသည်။

၇.၁.၃ တက္ကသိုလ်၌ လုပ်ငန်းခွင်ဝင်အကြို သင်တန်း (Internship) အတွက် 12 Credit Units အဖြစ် သတ်မှတ်ပါသည်။

၇.၁.၄ Credit Unit များကိုလည်း အောက်ပါ အတိုင်း သတ်မှတ်ပါသည်။

3 Credit Unit Course အတွက် Lecture Contact Hours နှင့် Tutorial/Discussion/ Assignment/ Practical Hours ရှင်းလင်း ဖော်ပြချက်

| **Description** | **Hours per week (1 week)** | **Hours per semester (15 weeks)** | **Credit Unit** |
|---|---|---|---|
| Lecture Contact Hours | 2 | 30 | 2 |
| Tutorial/ Discussion/ Assignment/ Practical Hours | 2 | 30 | 1 |
| Total | 4 | 60 | 3 |

### ၇.၂ သင်ကြားသင်ယူချိန်အတွက် သတ်မှတ်ချက်များ

- ကျောင်းသားများအား ဘာသာရပ်တစ်ခုချင်းစီ၌ Lecture တက်ရောက်ချိန်အတွင်း Class Performance (Recitation, Quizzes, Seat/Board work, Oral Reporting, etc.,) ကို အကဲဖြတ်မှု ပြုလုပ်ပါမည်။

### ၇.၃ Academic Load သတ်မှတ်ချက်များ

၇.၃.၁ ကျောင်းသားများသည် သတ်မှတ်ထားသော အချိန်ကာလ အတွင်း ဘွဲ့ရရှိရန်အတွက် Semester တစ်ခုစီ၌ အနည်းဆုံး 18 Credit Units သင်ကြားသင်ယူရမည်ဖြစ်ပြီး အများဆုံး 24 Credit Units ရရှိသည်အထိ ဘာသာရပ်များကို သင်ယူနိုင်သည်။

၇.၃.၂ ကျောင်းသားများသည် Semester တစ်ခုစီ၌ အနည်းဆုံး သင်ယူရမည့် 18 Credit Units ရရှိသည်အထိ ဘာသာရပ်များကို မသင်ယူနိုင်ပါက သက်ဆိုင်ရာအတန်းပိုင်နှင့် သင်တန်းမှူးကို တင်ပြပြီး တက္ကသိုလ် ပညာရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို ခံယူရမည်။

### ၈။ Grade Point သတ်မှတ်ခြင်း

၈.၁ ကျောင်းသားများကို ဘာသာရပ်တစ်ခုချင်းစီအလိုက် စစ်ဆေး အကဲဖြတ်မှုများ ပြုလုပ်၍ အကဲဖြတ်ရမှတ်များပေါ်မူတည်၍ Grade Point များ သတ်မှတ်ပါသည်။

၈.၂ ကျောင်းသားများကို အောက်ဖော်ပြပါ ပြုလုပ်ဆောင်ရွက်ချက်များ အပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်သွားပါမည်-

| Description | Percentage of Assessment |
|---|---|
| • Class Performance နှင့် Class Participation (Continual Assessment များဖြစ်သော Tutorial/ Discussion/ Assignment/ Project/ Practical) ပြုလုပ်ဆောင်ရွက်မှု | 30% - 40% (ဘာသာရပ်ပေါ်မူတည်၍) |
| • Summative Assessment ဖြစ်သော ရေးဖြေစာမေးပွဲ ဖြေဆိုခြင်း | 70% - 60% (ဘာသာရပ်ပေါ်မူတည်၍) |

### ၉။ စာမေးပွဲဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များ

၉.၁ စာမေးပွဲဖြေဆိုမည့် ကျောင်းသားများသည် တက္ကသိုလ်၏ စာမေးပွဲ စည်းကမ်းချက်များ ကိုလိုက်နာရမည်။

၉.၂ စည်းကမ်းချက်များကို ဖောက်ဖျက်ပါက တက္ကသိုလ်ကချမှတ်ထားသော သက်ဆိုင်ရာ ပြစ်မှု/ပြစ်ဒဏ် အရေးယူခြင်းခံရမည်။

## ၁၀။ အကဲဖြတ်စနစ်

### ၁၀.၁ အကဲဖြတ်သည့်နည်းလမ်း

၁၀.၁.၁ ရေးဖြေ၊နှုတ်ဖြေ၊ စာတမ်းများ နှင့် ဘာသာရပ်ဆိုင်ရာ လက်တွေ့လုပ်ဆောင်သည့် ပရောဂျက်များ ဖြင့် အကဲဖြတ် စစ်ဆေးမှု ပြုလုပ်သည်။

၁၀.၁.၂ ကျောင်းသားသည် တက္ကသိုလ်က သတ်မှတ်ထားသည့် သင်ကြားသင်ယူမှုများအတွက် သတ်မှတ်ထားသော ကျောင်းခေါ်ချိန် ၇၅% ပြည့်မီခြင်း မရှိလျှင် ၎င်း ဘာသာရပ်အတွက် ခရက်ဒစ်ရရှိမည်မဟုတ်ပါ။

၁၀.၁.၃ သင်တန်းအကဲဖြတ်ခြင်းကို စဉ်ဆက်မပြတ်အကဲဖြတ်မှုနှင့် နောက်ဆုံးအကဲဖြတ်ခြင်းဟူ၍ ပိုင်းခြားထားပါသည်။ ထိုအကဲဖြတ်မှုများ၏ ရာခိုင်နှုန်းကို ပရိုဂရမ်၏ နောက်ဆုံး စံသတ်မှတ်ချက်အရ သတ်မှတ်သည်။

### ၁၀.၂ ရမှတ်အဆင့် ခွဲခြားသတ်မှတ်ခြင်း

၁၀.၂.၁ ဘွဲ့ကြိုကျောင်းသားများအားလုံးနှင့် သက်ဆိုင်သည့် တက္ကသိုလ်ပညာရေးအဖွဲ့၏ သတ်မှတ်ချက်များအပေါ် အခြေခံ၍ အဆင့် အမျိုးအစား ခွဲခြားခြင်း ဖြစ်သည်။

၁၀.၂.၂ သင်တန်းရလဒ် အကဲဖြတ်ခြင်းကို အောက်ပါအတိုင်း သင်္ကေတများဖြင့် သတ်မှတ်ထားပါသည်-

**Excellent (A)**

ရမှတ် ၉၀ နှင့်အထက် နှင့် ၄.၀၀ တန်းအမှတ် ကို A+၊ ရမှတ်အကွာအဝေး (၈၀) နှင့် (၈၉) ကြား နှင့် ၄.၀၀ တန်းအမှတ် ကို A၊ ရမှတ်အကွာအဝေး (၇၅) မှ (၇၉) နှင့် ၃.၆၇ တန်းအမှတ်ကို A- အဖြစ် သင်တန်းအားလုံးတွင် Excellent (A) အဖြစ်တွက်ချက်ပါသည်။

**Good (B)**

ရမှတ်အကွာအဝေး (၇၀) နှင့် (၇၄) ကြား နှင့် ၃.၃၃ တန်းအမှတ် ကို B+၊ ရမှတ်အကွာအဝေး (၆၅) နှင့် (၆၉) ကြား နှင့် ၃.၀၀ တန်းအမှတ် ကို B၊ ရမှတ်အကွာအဝေး (၆၀) မှ (၆၄) နှင့် ၂.၆၇ တန်းအမှတ်ကို B- အဖြစ် သင်တန်းအားလုံးတွင် Good အဖြစ်တွက်ချက်ပါသည်။

**Average (C)**

ရမှတ်အကွာအဝေး (၅၅) မှ (၅၉) နှင့် ၂.၃၃ တန်းအမှတ်ကို C+၊ ရမှတ်အကွာအဝေး (၅၀) မှ (၅၄) နှင့် ၂.၀၀ တန်းအမှတ်ကို C အဖြစ် သင်တန်းအားလုံးတွင် Average အဖြစ်တွက်ချက်ပါသည်။

**Marginal Pass (D)**

Grade Point ၁.၀၀ တန်း အမှတ် ရရှိသော်လည်း GPA ၂.၀၀ ထက်ကြီးသည် သို့မဟုတ် ညီမျှပါက Marginal Pass အဖြစ်တွက်ချက်ပါသည်။

**Failed (F)**

GPA ၂.၀၀ အောက်ရရှိလျှင် Failed အဖြစ်တွက်ချက်ပါသည်။

**Incomplete (I)**

ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက် ခိုင်လုံစွာမပြနိုင်ဘဲ သင်တန်း လိုအပ်ချက်များကို ပြည့်စုံအောင် လုပ်ဆောင်နိုင်ခြင်းမရှိပါက တက္ကသိုလ် ပညာရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် မပြည့်စုံသော သင်္ကေတ ပေးအပ် ပါသည်။

**Absent (Abs)**

ကျောင်းသားသည် စာမေးပွဲတွင်ဖြေဆိုရန် စာမေးပွဲစည်းကမ်းအရ သတ်မှတ် ချိန် မိနစ် (၃၀) နောက်ကျပြီး ရောက်ရှိပါက အဆိုပါဘာသာရပ်ကို ပျက်ကွက် သင်္ကေတ ပေးအပ်ပါသည်။

**Unsatisfactory Course (U)**

ကျောင်းသားသည် ကျောင်းခေါ်ချိန် ၇၅% မပြည့်မီလျှင်သော် လည်းကောင်း, Grade Point ၀.၀၀ တန်း အမှတ် ရရှိသော်လည်းကောင်း ထိုဘာသာရပ် အတွက် ကျေနပ်မှုအဆင့်မရှိသော သင်္ကေတ ပေးအပ်ပါသည်။

၁၀.၂.၃ စစ်ဆေးအကဲဖြတ်မှုမှ ရရှိလာသောရမှတ်များအပေါ်မူတည်၍ Grade Letter နှင့် Grade Point များကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

| No. | Marks Distribution | Letter Grade | Grade Point |
|---|---|---|---|
| 1 | >=90 | A+ | 4.0 |
| 2 | 80-89 | A | 4.0 |
| 3 | 75-79 | A- | 3.67 |
| 4 | 70-74 | B+ | 3.33 |
| 5 | 65-69 | B | 3.0 |
| 6 | 60-64 | B- | 2.67 |
| 7 | 55-59 | C+ | 2.33 |
| 8 | 50-54 | C | 2.0 |
| 9 | 40-49 | D | 1.0 |
| 10 | <40 | F | 0.0 |
| 11 | NA | Abs/I/U | 0.0 |

| | | |
|---|---|---|
| A = Excellent | B = Good | C = Average |
| D = Marginal Pass | F = Failed | Abs=Absent |
| I = Incomplete | U= Unsatisfactory Course | |

## ၁၀.၃ အကဲဖြတ်ခြင်းရလဒ်များ ကြေညာခြင်း

၁၀.၃.၁ စာသင်နှစ်ဝက်တစ်ခုတွင် ကျောင်းသားတစ်ဦး၏ အောင်မြင်မှုကို ပျမ်းမျှအဆင့်အမှတ် (Grade Point Average-GPA) ဖြင့်ညွှန်ပြပါသည်။ ကျောင်းသားတစ်ဦး၏ အလုံးစုံ အောင်မြင်မှုအား ပျမ်းမျှစုစည်း အဆင့်အမှတ် (Cumulative Grade Point Average- CPGA) ဖြင့်ပြသထားသည်။ GPA နှင့် CGPA တွက်ချက်နည်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

ရမှတ်များ = စာသင်နှစ်ဝက်တစ်ခုအတွက်
(ရရှိသည့် ခရက်ဒစ်အမှတ်များ x ရရှိသည့် အဆင့်များ)

**Grade Points Earned = Grade Point * Credit Earned**

- **စာသင်နှစ်ဝက် တစ်ခုအတွက် Grade Point Average (GPA)**

  GPA = Total Grade Points Earned / Total Credits Earned in a Semester

  $$= \frac{\Sigma Grade_Points_Earned}{\Sigma Total_Credits_Earned} \text{ in a Semester}$$

- **ထည့်သွင်း စဉ်းစားနေသော Semesters အတွက် စုစည်းအဆင့်အမှတ်ပျမ်းမျှ Cumulative Grade Point Average (CGPA)**

  CGPA = sum of all Grade Points Earned / sum of all Credits Earned in all Semesters

  $$= \frac{\Sigma Grade_Points_Earned}{\Sigma Total_Credits_Earned} \text{ in all Semester}$$

*Example*,

First Year, First Semester (Year 1 Semester 1)

| No. | Subject | Credit Earned | Total Marks Obtained | Letter Grade | Grade Point | Grade Points Earned ( Grade Point * Credit Earned) |
|---|---|---|---|---|---|---|
| 1 | CST-1201 | 3 | 70 | B+ | 3.33 | 9.99 |
| 2 | CST-1301 | 3 | 75 | A- | 3.67 | 11.01 |
| 3 | CST-1401 | 3 | 68 | B | 3 | 9 |
| 4 | CST-1501 | 3 | 86 | A | 4 | 12 |
| 5 | CST-1601 | 3 | 92 | A+ | 4 | 12 |
| 6 | CST-1701 | 3 | 55 | C+ | 2.33 | 6.99 |
| Total Credit Unit | | 18 | Total Grade Point | | | 60.99 |
| GPA | | | 3.39 | | | |

First Year, Second Semester (Year 1 Semester 2)

| No. | Subject | Credit Earned | Total Marks Obtained | Letter Grade | Grade Point | Grade Point Earned ( Grade Point * Credit Earned) |
|---|---|---|---|---|---|---|
| 1 | CST-2202 | 3 | 68 | B | 3 | 9 |
| 2 | CST-2101 | 3 | 70 | B+ | 3.33 | 9.99 |
| 3 | CST-2402 | 3 | 55 | C+ | 2.33 | 6.99 |
| 4 | CST-2502 | 3 | 84 | A | 4 | 12 |
| 5 | CST-2602 | 3 | 89 | A | 4 | 12 |
| 6 | CST-2702 | 3 | 80 | A | 4 | 12 |
| Total Credit Unit | | 18 | Total Grade Point | | | 61.98 |
| GPA | | | 3.44 | | | |

CGPA = (60.99 + 61.98)/ (18+18) = 3.42

၁၀.၃.၂ အဆင့်သတ်မှတ်ချက်မပေးသော ဘာသာရပ်များမှ အပ ကျန်ဘာသာရပ်များအားလုံး၏ ရလဒ်များကို GPA နှင့် CGPA တွက်ချက်မှုတွင် ထည့်သွင်းစဉ်းစားပါသည်။ မပြည့်စုံသော (Incomplete) ဘာသာရပ်အတွက် အကဲဖြတ်ခြင်းကို တက္ကသိုလ်ပညာရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်မည်။

၁၀.၃.၃ အထူးပြန်လည်စစ်ဆေးစာမေးပွဲအတွက် အောက်ပါကျောင်းသားများမှလွဲ၍ ကျောင်းသား၏လျှောက်လွှာတွင် သင်တန်းမှူးမှတစ်ဆင့် တက္ကသိုလ် ပညာရေးအဖွဲ့၏ ထောက်ခံခွင့်ပြုချက် ပါရှိရမည်-

(က) နောက်ဆုံး စာမေးပွဲဖြေဆိုရန် ပိတ်ပင်ခံထားရသော ကျောင်းသား၊ သို့မဟုတ်

(ခ) နောက်ဆုံးစာမေးပွဲကာလအတွင်း ပျက်ကွက်ခြင်း၊ သို့မဟုတ်

(ဂ)နောက်ဆုံးစာမေးပွဲကာလအတွင်းပညာရေးဆိုင်ရာပြစ်မှုကျူးလွန်ခြင်း

၁၀.၃.၄ အထူးပြန်လည်စစ်ဆေးစာမေးပွဲသည် သတ်မှတ်စာသင်နှစ်ဝက် နောက်ဆုံးစာမေးပွဲ၏ အကြောင်းအရာနှင့် တူညီသည်။ စုစုပေါင်း ရမှတ်များတွင် အထူးပြန်လည်စာမေးပွဲနှင့် စဉ်ဆက်မပြတ် အကဲဖြတ်ခြင်းများ ပါဝင်သည်။

## ၁၀.၄ သင်တန်းအကဲဖြတ်မှုရလဒ်များ ပြန်လည်စစ်ဆေးခြင်းအတွက် အယူခံဝင်ခြင်း

၁၀.၄.၁ သင်တန်းတစ်ခု၏ အကဲဖြတ်မှုရလဒ်ကို ပြန်လည်စစ်ဆေးရန် အယူခံဝင်ခြင်းအား လျှောက်လွှာနှင့်အတူ သတ်မှတ်ငွေပေးချေမှု အထောက်အထား (ပြေစာ) နှင့်အတူ ချိန်းဆိုထားသည့်နေ့တွင် ဘာသာရပ်ဆိုင်ရာ မဟာဌာနမှူး/ဌာနမှူး ထံ တင်ပြရမည်။

၁၀.၄.၂ ပြန်လည်အကဲဖြတ်ခြင်းရလဒ်များ ကို ပညာရေးအဖွဲ့၏ အတည်ပြုချက်အတွက် မတင်သွင်းမီ ဦးစီးဌာန/ဌာန စာမေးပွဲကော်မတီနှင့် ပညာရေးစီမံကိန်းနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ကထောက်ခံရမည် ဖြစ်သည်။

၁၀.၄.၃ ဤနည်းလမ်းနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်တိုင်းသည် အပြီးအပြတ်ဖြစ်ပြီး ပညာရေးအဖွဲ့က အတည်ပြုပြီးနောက် ထပ်မံ အယူခံ ဝင်ခွင့် ရှိမည်မဟုတ်ပါ။

## ၁၀.၅ စာသင်နှစ်ဝက် အကဲဖြတ်ခြင်းရလဒ်များကို ကြေညာခြင်း (Grading Report)

၁၀.၅.၁ စာသင်နှစ်ဝက်တစ်ခုစီအတွက် ကျောင်းသား၏ပညာရေးအောင်မြင်မှုရလဒ်များကို တက္ကသိုလ်က သတ်မှတ်ထားသည့် ကာလအတွင်း ထုတ်ပြန်ကြေညာမည် ဖြစ်ပါသည်။

၁၀.၅.၂ ကျောင်းသားအကဲဖြတ်ရလဒ်ကို တက္ကသိုလ်နှင့် ကြေးမြီကင်းရှင်းပါက ကျောင်းသားသည် ၎င်းတက္ကသိုလ်၏ Learning Management System (LMS)တွင် ကြည့်ရှုနိုင်သည်။

၁၀.၅.၃ ဒေတာနှင့် မှတ်တမ်းများကို ပြင်ဆင်ရန် ရည်ရွယ်ချက်ဖြင့် ကျောင်းသား၏ ကိုယ်ရေးကိုယ်တာ အချက်အလက် အပြောင်းအလဲ တစ်ခုခုရှိပါက တက္ကသိုလ်အား အခါအားလျော်စွာ အသိပေးရန် ကျောင်းသားများသည် တာဝန်ရှိပါသည်။

## ၁၁။ ကျောင်းသား Academic အဆင့်အတန်း (Student Academic Status)

### ၁၁.၁ စာသင်နှစ်ဝက်အကဲဖြတ်မှုရလဒ်များ သတ်မှတ်ခြင်း

၁၁.၁.၁ စာသင်နှစ်ဝက်အကဲဖြတ်မှုရလဒ်များဖြင့် ကျောင်းသားတစ်ဦး၏ ပညာ ဆက်လက်သင်ကြားရန် အရည်အချင်းပြည့်မီမှုကို ဆုံးဖြတ်ပေးမည် ဖြစ်သည်။ ကျောင်းသားတစ်ဦးအား အောင်မြင်ခြင်း၊ ပြန်ယူရမည့် ဘာသာရပ်နှင့် အောင်မြင်ခြင်း၊ ကျရှုံးခြင်း၊ ထုတ်ပယ်ခြင်း နှင့် ကျေနပ်မှုအဆင့်မရှိသောသင်တန်းများ စသည့်အခြေအနေ တို့ကို သတ်မှတ် ထားပါသည်။

၁၁.၁.၂ **အောင်မြင်ခြင်း (Pass)**

ဘာသာရပ်တစ်ခုစီတွင် Continuous assessment (Tutorial, Discussion, Assignment, Project) နှင့် ရေးဖြေစာမေးပွဲ နှစ်ခုလုံးတွင် ပေးမှတ်၏ ၄၀ % နှင့်အထက်ရရှိပြီး GPA ၂.၀ နှင့် အထက်ရရှိသော ကျောင်းသားများအား အောင်မြင်ခြင်း (Pass) အဆင့်အတန်းပေးပြီး ဆက်လက်လေ့လာခွင့်ပြုသည်။

၁၁.၁.၃ **ပြန်ယူရမည့်ဘာသာရပ်နှင့် အောင်မြင်ခြင်း (Pass by Re-Exam)**

ဘာသာရပ်တစ်ခုစီတွင် Continuous assessment (Tutorial, Discussion, Assignment, Project) နှင့် ရေးဖြေစာမေးပွဲ နှစ်ခုလုံးတွင် ပေးမှတ် ၏ ၄၀ % အောက် ရရှိလျှင် သော်လည်းကောင်း၊ GPA ၂.၀ အောက် ရရှိလျှင်သော်လည်းကောင်း၊ အဆိုပါကျောင်းသားကို ပြန်ယူရမည့် ဘာသာရပ်နှင့် အောင်မြင်ခြင်း (Pass by Re-exam) အခြေအနေကို ပေးအပ်ပါသည်။

၁၁.၁.၄ **ကျရှုံးခြင်း (Fail)**

ဘာသာရပ်တစ်ခုအား Re-exam စာမေးပွဲတွင် အောင်မှတ် သတ်မှတ်ချက် နှင့် မကိုက်ညီသော ကျောင်းသားအား ကျရှုံးခြင်း (Fail) အဆင့်အတန်း

ပေးပြီး ကျရှုံးခဲ့သော ဘာသာရပ်အား ကပ်လျက်ရှိသော သင်တန်းနှစ်တွင် ပြန်လည် (Re-take) သင်ယူရမည်။

၁၁.၁.၅ **သတိပေးချက် (Warning) ၁ နှင့် သတိပေးချက် ၂**

၁၁.၁.၅.၁ **သတိပေးချက် ၁**

ပထမအကြိမ် (သို့မဟုတ်) ဆက်တိုက်မဟုတ်သော CGPA (၂.၀) အောက်နည်းသော ကျောင်းသားများအား သတိပေးချက် ၁ အဆင့်ကို ပေးသည်။

၁၁.၁.၅.၂ **သတိပေးချက် ၂**

CGPA (၂.၀) အောက် နှစ်ကြိမ်ဆက်တိုက်ရရှိခြင်းဖြင့် ကျောင်းသားများအား သတိပေးချက် ၂ အဆင့်ကိုပေးသည်။

၁၁.၁.၆ **ထုတ်ပယ်ခြင်း (Dismiss)**

ကျောင်းသား၏ CGPA သည် စာသင်နှစ်ဝက် (၃) ခု ဆက်တိုက် ၂.၀ အောက်နည်းလျှင် သော်လည်းကောင်း၊ တရားဝင် ခွင့်ပြုချက်မရှိဘဲ အများဆုံး စာသင်နှစ် (၇) နှစ် သတ်မှတ်ချက်ကို ကျော်လွန်သွားလျှင်သော်လည်းကောင်း၊ အဆိုပါ ကျောင်းသားအား ထုတ်ပယ်ခြင်း (Dismiss) အခြေအနေ ပေးအပ်သည်။

၁၁.၁.၇ **ကျေနပ်မှုအဆင့်မရှိသောသင်တန်းများ (Unsatisfactory Courses)**

ကျောင်းခေါ်ချိန် ၇၅% မပြည့်မီသော ဘာသာရပ်အား ကျေနပ်မှုအဆင့် မရှိသာ ဘာသာရပ်(U) အဖြစ်သတ်မှတ်သည်။ U အဆင့်ရရှိသော ဘာသာရပ်အား ကပ်လျက်ရှိသော သင်တန်းနှစ်တွင် ပြန်လည် (Re-take) သင်ယူရမည်။

## ၁၁.၂ Re-exam ဖြေဆိုရန်သတ်မှတ်ချက်များ

၁၁.၂.၁ ကျရှုံးဘာသာရပ်အတွက် ကျောင်းသားများသည် Boot Camp သို့ မပျက်မကွက်တက်ရောက်ပြီးမှသာ Re-exam ပြန်လည်ဖြေဆိုရမည်။

၁၁.၂.၂ Re-exam ဖြေဆိုရမည့် ဘာသာရပ်အတွက် စာမေးပွဲကြေး ထပ်မံပေးသွင်းရမည်။

၁၁.၂.၃ Re-Exam ပြန်လည်ဖြေဆိုသည့် ဘာသာရပ်ကို အောင်မှတ်နှင့်အထက် ရလဒ် မည်မျှရရှိစေကာမူ Grade C ဟုသတ်မှတ်မည်။

၁၁.၂.၄ ဘာသာရပ်တစ်ခုကို ပုံမှန်စာမေးပွဲ နှင့် Re-exam အပါအဝင် စာမေးပွဲများကို (၄) ကြိမ် ထက် ပိုမိုဖြေဆိုခွင့် မရှိပါ။

### ၁၁.၃ မအောင်မြင်သော ဘာသာရပ်ကို ပြန်လည်တက်ရောက်သင်ယူခြင်း (Re-take)

၁၁.၃.၁ ဘာသာရပ်များတွင် ကျရှုံးသော ကျောင်းသားများသည် တရားဝင် ခွင့်ပြုထားသော (၇) နှစ် အတွင်း ပြန်လည်တက်ရောက်သင်ယူရန် ကျန်ရှိသောဘာသာရပ် ကို ပြန်ယူနိုင်သည်။

၁၁.၃.၂ Re-take ပြန်ယူရမည့် ဘာသာရပ်များကို ဦးစားပေး Register ပြုလုပ်ပြီးနောက် ကပ်လျက်ရှိသော သင်တန်းနှစ် ၏ ဘာသာရပ်များ ကို Register ပြုလုပ်ခွင့် ရှိသည်။

၁၁.၃.၃ ပြန်ယူရသည့် သင်တန်းတစ်ခုစီအတွက် GPA နှင့် CGPA တွက်ချက်မှု များတွင် နောက်ဆုံးဖြေဆိုသည့် စာမေးပွဲအဆင့်ကိုသာ ထည့်သွင်း စဉ်းစား ပါသည်။

## ၁၂။ ပညာရေးဆိုင်ရာ ကျင့်ဝတ်များ

- တက္ကသိုလ်ကျောင်းသားများအနေဖြင့် စည်းကမ်းပိုင်းဆိုင်ရာဖောက်ဖျက်မှု များရှိပါက စည်းကမ်းထိန်းသိမ်းရေးကော်မတီက အကဲဖြတ်ခြင်း နှင့် တက္ကသိုလ်၏ ကျောင်းသားစည်းကမ်း များအရ အရေးယူမှု ခံရမည်။

## ၁၃။ လေ့လာမှု ရပ်တန့်ခြင်းဆိုင်ရာ အခြေအနေများ

### ၁၃.၁ လေ့လာမှုရွှေ့ဆိုင်းခြင်း (Deferment of Study)

၁၃.၁.၁ မှတ်ပုံတင်ထားသော ကျောင်းသားများသည် ပညာသင်နှစ်တစ်ခု၏ စာမေးပွဲ ဖြေဆိုရန် သတ်မှတ်ချိန် မတိုင်မီအထိ လေ့လာမှုကို ရွှေ့ဆိုင်းရန် လျှောက်ထားနိုင်သည်။ သို့သော် စာသင်ချိန်ရွှေ့ဆိုင်းရန် ခွင့်ပြုချက်သည် ပညာသင်ယူသည့် ကာလတစ်လျှောက်လုံးတွင် စာသင်နှစ်ဝက် (၃) ကြိမ် သာ ကန့်သတ်ထားသည်။

၁၃.၁.၂ စာသင်ချိန် ရွှေ့ဆိုင်းရခြင်း အကြောင်းအရင်းသည် ကျန်းမာရေး ဆိုင်ရာကိစ္စရပ် များမှလွဲ၍ စာသင်နှစ်ဝက် (၃) ကြိမ်ထက်ကျော်လွန်သော ကျောင်းသားများအား ပညာသင်ယူမှု အခြေအနေမှ ထုတ်ပယ်ခြင်းခံရမည် ဖြစ်သည်။

၁၃.၁.၃ ကျောင်းသားကို ကုသပေးသော ဆေးဘက်ဆိုင်ရာဆရာဝန်တွင် အစိုးရ ဆရာဝန်များ၊ တက္ကသိုလ်သမားတော်များ၊ တက္ကသိုလ်ဆရာဝန်များ၊ တက္ကသိုလ် ဆရာဝန်အဖွဲ့ (University Panel Doctor) သို့မဟုတ် တက္ကသိုလ်က အသိအမှတ်ပြုထားသော အခြားဆရာဝန်များ ထံမှဖြစ်ရမည်။

၁၃.၁.၄ ကျန်းမာရေးကိစ္စကြောင့် ပညာသင်ယူမှုရွှေ့ဆိုင်းထားသော ကျောင်းသားများအတွက် ကျောင်းသားသည် ဆက်လက်လေ့လာရန် သင့်တော်ခြင်းရှိ၊ မရှိ ဆုံးဖြတ်ရန် အစိုးရအသိအမှတ်ပြု ဆေးရုံမှ ထောက်ခံချက်ရယူ၍ တက္ကသိုလ်သို့ တင်ပြရပါမည်။ တက္ကသိုလ်ပညာရေးအဖွဲ့၏ ဆုံးဖြတ်ချက် ခံယူရမည်။

၁၃.၁.၅ စိတ်ရောဂါ အခြေအနေတွင် ပြန်လည် မှတ်ပုံတင်ရန် သက်ဆိုင်ရာ ဆေးဘက်ဆိုင်ရာဆရာဝန်၏ ထောက်ခံချက်ပေးမှုအပေါ် မူတည်ပြီး တက္ကသိုလ်ပညာရေးအဖွဲ့ ၏ ဆုံးဖြတ်ချက်ခံယူရမည်။

၁၃.၁.၆ ကျန်းမာရေးချို့ယွင်းမှုမှလွဲ၍ ပညာသင်ရွှေ့ဆိုင်းခြင်းကို ကျောင်းသား၏ သင်ကြားမှု အများဆုံးကာလ တွက်ချက်မှုတွင် ထည့်သွင်းထားသည်။

၁၃.၁.၇ ပညာသင်ယူမှု ရွှေ့ဆိုင်းသော ကျောင်းသားများသည် ရွှေ့ဆိုင်းသည့် ကာလအတွင်း တက္ကသိုလ် ကျောင်းသားအဆင့်အတန်းကို ဆုံးရှုံးမည် ဖြစ်သည်။

## ၁၃.၂ လေ့လာမှုရပ်ဆိုင်းခြင်း (Suspension of Study)

၁၃.၂.၁ ကျောင်းသားများသည် တက္ကသိုလ်စည်းကမ်းပိုင်းဆိုင်ရာ ပြစ်မှုများနှင့် စာမေးပွဲစည်းကမ်းပိုင်းဆိုင်ရာ ပြစ်မှုများဖြင့် အပြစ်ရှိကြောင်းတွေ့ရှိပါက တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ က သတ်မှတ်ကာလ တစ်ခု အထိ စာသင်ခွင့်ကို ရပ်ဆိုင်း (Suspension) ထားနိုင်သည်။

၁၃.၂.၂ စာသင်နှစ်ဝက်စတင်သည့် အချိန်မှစ၍ သတ်မှတ်ကာလအတွင်း စာရင်းသွင်းခြင်းနှင့် ရွှေ့ဆိုင်းရန် လျှောက်ထားခြင်း မရှိသော ကျောင်းသားများကို စာသင်နှစ်ဝက် (Semester) အတွက် ဆိုင်းငံ့ထားမည် ဖြစ်ပါသည်။ လာမည့်စာသင်နှစ်ဝက် (Semester) တွင် ပြန်လည်မှတ်ပုံတင်ရပါမည်။

၁၃.၂.၃ စာသင်နှစ်ဝက်အတွက် စာရင်းသွင်းထားသော်လည်း စာသင်နှစ်ဝက်၌ သင်ကြားမည့်သင်တန်း (Courses) များတွင် စာရင်းမသွင်းရသေးသော ကျောင်းသားများနှင့် ရွှေ့ဆိုင်းရန် လျှောက်ထားခြင်း မရှိသော ကျောင်းသားများ ကို စာသင်နှစ်ဝက်အတွက် ဆိုင်းငံ့ထားမည် ဖြစ်ပါသည်။ ၎င်းတို့၏ ပညာဆက်လက်သင်ကြားရန် အတွက် ဆိုင်းငံ့ထားသော ဘာသာရပ်များကို လာမည့်စာသင်နှစ်ဝက်တွင် ပြန်လည် မှတ်ပုံတင် ရမည်။

၁၃.၂.၄ အပိုဒ် ၁၃.၂.၂ နှင့် ၁၃.၂.၃ တွင် ဖော်ပြထားသည့် အချက်များကြောင့် သင်ကြားရေးကာလ အတွင်း စာသင်နှစ်ဝက် (၃) ကြိမ် ထက်ပို၍ ဆိုင်းငံ့ ခံထားရသော ကျောင်းသားကို လေ့လာခြင်းမှထုတ်ပယ်ရန် (Dismiss) အခြေအနေပေးအပ်ပါသည်။

၁၃.၂.၅ လေ့လာမှု ရပ်ဆိုင်းခြင်းကာလ (Suspension Period) ကို ကျောင်းသားများ၏ လေ့လာမှု အများဆုံးကာလ၏ စုစုပေါင်း တွက်ချက်မှုတွင် ထည့်သွင်းစဉ်းစားသည်။

### ၁၃.၃ လေ့လာမှုမှ ထုတ်ပယ်ခြင်း (Dismiss)

၁၃.၃.၁ ကျောင်းသားများသည် တက္ကသိုလ်စည်းကမ်းပိုင်းဆိုင်ရာ ပြစ်မှုများနှင့် စာမေးပွဲစည်းကမ်းပိုင်းဆိုင်ရာ ပြစ်မှုများဖြင့် အပြစ်ရှိကြောင်း တွေ့ရှိပါက တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် တက္ကသိုလ်မှ ထုတ်ပယ်နိုင်သည်။

၁၃.၃.၂ သင်ကြားမှု အများဆုံးသတ်မှတ်ကာလ ကျော်လွန်သွားသော ကျောင်းသားများကို တက္ကသိုလ်မှ ထုတ်ပယ်နိုင်သည်။

၁၃.၃.၃ ယခင်စာသင်နှစ်ဝက်တွင် သင်ကြားခွင့် ရပ်ဆိုင်းခံရပြီးနောက် သတ်မှတ်ထားသည့် ကျောင်းအပ်လက်ခံရန် နောက်ဆုံးရက် မတိုင်မီအတွင်း ပြန်လည် မှတ်ပုံတင်ရန် ပျက်ကွက်ပြီး လက်ရှိစာသင်နှစ်ဝက်တွင် ပညာသင်ခွင့် ရွှေ့ဆိုင်းရန် လျှောက်ထားခြင်းမရှိသော ကျောင်းသားများကို တက္ကသိုလ်မှ ထုတ်ပယ်နိုင်သည်။

၁၃.၃.၄ စာသင်နှစ်ဝက် (၃) ကြိမ်ထက် ကျော်လွန်သော ကျောင်းသားများကို (အကြောင်းအရာ ၁၃.၂.၄ ကို ကိုးကားပါ။) ပညာသင်ယူမှု အခြေအနေမှ ထုတ်ပယ်နိုင်သည်။

### ၁၃.၄ လေ့လာမှုမှ နှုတ်ထွက်ခြင်း (Resign)

၁၃.၄.၁ ကျောင်းသားသည် အခြေအနေတစ်ရပ်ရပ်ကြောင့် ပညာသင်ယူမှုမှ နှုတ်ထွက်ခွင့်ကို ကျောင်းသားရေးရာဌာနထံ စာရေးသား တောင်းဆိုနိုင်သည်။ နှုတ်ထွက်ခြင်းအတွက် တက္ကသိုလ်က ခွင့်ပြုချက်ပေးစာ ထုတ်ပေးမည် ဖြစ်ပါသည်။

၁၃.၄.၂ နှုတ်ထွက်ကျောင်းသား သည် တက္ကသိုလ်သို့ ကြွေးမြီများအားလုံး ဖြေရှင်းပြီးမှသာ နှုတ်ထွက်လွှာ ထုတ်ပေးပါသည်။

၁၃.၄.၃ ကျောင်းသား ၏ ကျောင်းမှ နှုတ်ထွက်ခြင်း အတည်ပြု ဆုံးဖြတ်ချက်သည် ပညာရေးအဖွဲ့ ၏ဆုံးဖြတ်ချက်သည်သာ အပြီးအပြတ် ဖြစ်ပြီး ကျောင်းသားများသည် အတည်ပြုထားသော လျှောက်လွှာ များကို ပယ်ဖျက်ခြင်း သို့မဟုတ် ရပ်သိမ်းခြင်းတို့ကို ပြုလုပ်ခွင့် မရှိပါ။

## ၁၄။ တက္ကသိုလ် ပြောင်းရွှေ့ခြင်း (Change of University)

၁၄.၁ ကျောင်းပြောင်းကျောင်းသားများသည် တက္ကသိုလ်က သတ်မှတ်ထားသော စည်းမျဉ်းများ နှင့် ကိုက်ညီမှသာ လျှောက်ထားရမည် ဖြစ်ပါသည်။ ထို့အပြင်

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ ထောက်ခံချက် ရရှိပြီးမှသာ ကျောင်းသားအဖြစ် လက်ခံခြင်း ခံရမည်။

၁၄.၂ ပထမနှစ်သင်တန်း အတွက် သက်ဆိုင်ရာတက္ကသိုလ်သို့ ပြောင်းရွှေ့ လျှောက်ထားလိုသည့် ကျောင်းသားသည် တက္ကသိုလ်၏ ပညာသင်နှစ် အလိုက် သတ်မှတ်ထားသော အနိမ့်ဆုံးဝင်ခွင့် အမှတ်နှင့် သတ်မှတ် ထားသော လူဦးရေ ကိုက်ညီပါက ပြောင်းရွှေ့ခွင့်ပြုသည်။

၁၄.၃ ကျောင်းပြောင်းရွှေ့ခြင်းကို ပထမနှစ်ဝက် ဖွင့်လှစ်သည့်နေ့မှစတင်၍ (၁)လ အတွင်းဆောင်ရွက်ရမည်။

၁၄.၄ အခြားသင်တန်းနှစ် အတွက် တက္ကသိုလ်သို့ ပြောင်းရွှေ့ လျှောက်ထားလိုသည့် ကျောင်းသားသည် တက္ကသိုလ်၏ ပညာသင်နှစ်အလိုက် သတ်မှတ် ထားသော အနိမ့်ဆုံး ဝင်ခွင့်အမှတ်၊ သတ်မှတ်ထားသော လူဦးရေ နှင့် Curriculum Framework တူညီပါက ပြောင်းရွှေ့ခွင့်ပြုသည်။

၁၄.၅ ကျောင်းသား၏ မိဘ/အုပ်ထိန်းသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပြီး ဝန်ထမ်း ပြောင်းရွှေ့အမိန့်စာအရ ဒေသပြောင်းရွှေ့နေထိုင်ခြင်း (သို့မဟုတ်) မိဘ/အုပ်ထိန်းသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပြီး ပင်စင်ခံစား၍ ဒေသပြောင်းရွှေ့ အခြေချခြင်းအား Curriculum Framework တူညီပါက ပြောင်းရွှေ့ခွင့် ပြုသည်။ မိဘဝန်ထမ်းပြောင်းရွှေ့ခြင်းဖြစ်ပါက သင်တန်း ကာလ အလိုက် စာမေးပွဲမတိုင်ခင်အထိ ကျောင်းပြောင်းရွှေ့ခြင်း ကို ဆောင်ရွက်နိုင်သည်။

၁၄.၆ လက်ရှိပေးဆောင်ရမည့် ကျောင်းလခငွေများကို အချိန်မီ ပေးဆောင်ရမည်။ ကျသင့်သော အခကြေးငွေများကို ပေးဆောင်ပြီးပါက ကျောင်းပြောင်း မှတ်ပုံတင် ပြီးမြောက်သည်ဟု ယူဆသည်။

## ၁၅။ ဘွဲ့ဒီဂရီပေးအပ်ခြင်း

### ၁၅.၁ ဘွဲ့ပေးရန်အရည်အချင်းသတ်မှတ်ချက်များ

- ကျောင်းသားတစ်ဦးသည် ဘွဲ့ရရန် အောက်ပါအခြေအနေများနှင့် ကိုက်ညီရမည်ဖြစ်ပြီး ဘွဲ့ဒီဂရီကို ချီးမြှင့်ရမည်-
    - အများဆုံးသတ်မှတ်ကာလ (၇) နှစ်အတွင်း လိုအပ်သော ဘာသာရပ် ဆိုင်ရာ သင်တန်းများအားလုံး အောင်မြင်ပြီးစီးခြင်း (တက္ကသိုလ် ပညာရေးအဖွဲ့က ကြိုတင်သတ်မှတ်ထားသော အနည်းဆုံး ခရက်ဒစ် အရေအတွက် - ၁၂၉ ရရှိခြင်း။
    - လုပ်ငန်းခွင်ဝင်အကြိုသင်တန်း (ခရက်ဒစ် အရေအတွက် - ၁၂) ပြီးမြောက်ခြင်း
    - CGPA အနည်းဆုံး ၂.၀ ရရှိခြင်း၊

- သက်ဆိုင်ရာမဟာဌာနက ဘွဲ့ချီးမြှင့်ရန်ထောက်ခံပြီး တက္ကသိုလ်ပညာရေးအဖွဲ့၏ ထည့်သွင်းစဉ်းစားမှုဖြင့် ထောက်ခံ အတည်ပြုခြင်း။

## ၁၅.၂ ဘွဲ့ဒီဂရီအဆင့်သတ်မှတ်ခြင်း

ဘွဲ့ ဒီဂရီအဆင့်သတ်မှတ်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။

| CGPA | Remark |
|---|---|
| 2.0 နှင့် အထက် | • ဘွဲ့ရရှိရန်အတွက်အရည်အချင်းပြည့်မီသည်။ |
| 3.0 နှင့် အထက် | • မဟာဘွဲ့သင်တန်းတက်ရောက်ရန်အတွက် အရည်အချင်းပြည့်မီသည်။ |

## ၁၆။ အကိုးအကားများ


1. Credit System Regulations, University of Information Technology, Myanmar
2. Academic Regulation of the Undergraduate Programme Academic Regulation, Technological University, Myanmar
3. Academic Guidelines, Saitama University
4. Graduate Coursework Student Handbook Ay2020/2021, National University of Singapore, Singapore
5. Administration Handbook, National University of Singapore, Singapore
6. University Academic Regulations, The Oklahoma State Regents for Higher Education (OSRHE), USA
7. Undergraduate Program Handbook Session 2023/2024, University Malaya